# CHIN NATIONAL FRONT
## General Headquarters
## Chinland

**Website:** www.cnfhqr.org **Email:** cnf.headquarters@gmail.com


### မြန်မာ့တပ်မတော်မှ မင်းတပ်မြို့နယ်ရှိ ချင်းပြည်သူများအား
### အကြမ်းဖက်တိုက်ခိုက်မှုအပေါ် ရှုတ်ချကန့်ကွက်ခြင်း

၂၀၂၁ ခုနှစ်၊ မေလ (၁၅) ရက်

၁။ မင်းတပ်မြို့နယ် အပါအဝင် ချင်းလဲန်းတဝန်းရှိ ချင်းပြည်သူများသည် အာဏာရှင်စနစ်ကို မလိုလားကြောင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက်ရှိသော ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို လိုလားကြောင်း ပြည်ထောင်စုတဝန်းရှိ ပြည်သူများနှင့်အတူ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြပါသည်။ သို့သော် မြန်မာ့တပ်မတော်၏ အကြမ်းဖက်ဖြိုခွင်းမှုများ၊ ခြိမ်းခြောက်မှုများ၊ ဖမ်းဆီးမှုများ၊ နှိပ်စက်မှုများနှင့် သတ်ဖြတ်မှုများကြောင့် ချင်းပြည်သူများသည် မိမိကိုယ်ကို ခုခံကာကွယ်ရန် ချင်းလဲန်းကာကွယ်ရေးတပ်ဖွဲ့များကို ဖွဲ့စည်းခဲ့ကြသည်။

၂။ အာဏာသိမ်းစစ်ကောင်စီသည် ၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့တွင် မင်းတပ်မြို့ရှိ အပြစ်မဲ့ ချင်းပြည်သူများအား မတရားဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ငြိမ်းချမ်းစွာ ညှိနှိုင်းဆွေးနွေးသူများကိုလည်း ခြိမ်းခြောက်ပစ်ခတ်ခဲ့သည်။ ထို့ကြောင့် ဧပြီလ ၂၄၊ ၂၆၊ ၂၇ ရက်များတွင် မြန်မာ့တပ်မတော်နှင့် မင်းတပ်မြို့နယ်ချင်းလဲန်းကာကွယ်ရေးတပ်ဖွဲ့အကြား အပြန်အလှန် ပစ်ခတ်မှုများ ရှိခဲ့သည်။ မြန်မာ့တပ်မတော်၏ စေ့စပ်ဆွေးနွေးရန် ကမ်းလှမ်းမှုကြောင့် မတရားဖမ်းဆီးထိန်းသိမ်းထားသည့် အပြစ်မဲ့ ချင်းပြည်သူများကို လွှတ်ပေးရေးအတွက် နှစ်ဖက်ညှိနှိုင်းကြသည်။ သို့သော်လည်း မြန်မာ့တပ်မတော်က မတရားဖမ်းဆီးထိန်းသိမ်းခံရသူများကို မလွှတ်ပေးသောကြောင့် မေလ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်များတွင် အပြန်အလှန် ပစ်ခတ်မှုများ ပြန်လည်ဖြစ်ပေါ်ခဲ့ပါသည်။

၃။ မင်းတပ်မြို့နယ် ချင်းလဲန်းကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် ချင်းတူမီးသေနတ်ဖြင့် မိမိကိုယ်ကို ခုခံကာကွယ်ခြင်းသာဖြစ်သော်လည်း မြန်မာ့တပ်မတော်သည် လက်နက်ကြီးများဖြင့်လည်းကောင်း၊ လေကြောင်းဖြင့်လည်းကောင်း တိုက်ပွဲကြီးသဖွယ် အင်အားအလွန်အကျွံသုံး၍ ထိုးစစ်ဆင်တိုက်ခိုက်ခြင်း၊ အရပ်သားများကို ပစ်ခတ်ခြင်း၊ အရပ်သားများကို လူသားဒိုင်းအဖြစ်အသုံးပြုခြင်း အပါအဝင် စစ်ဘက်ဆိုင်ရာကျင့်ဝတ်မရှိဘဲ အကြမ်းဖက်တိုက်ခိုက်နေပါသည်။ မင်းတပ်မြို့နယ်ရှိ အပြစ်မဲ့ ချင်းပြည်သူများအပေါ် မြန်မာ့တပ်မတော်၏ အကြမ်းဖက်တိုက်ခိုက်မှုကို ချင်းအမျိုးသားတပ်ဦးမှ အပြင်းအထန် ရှုတ်ချကန့်ကွက်သည်။

၄။ ချင်းအမျိုးသားတပ်ဦးသည် မြန်မာ့တပ်မတော်၏ အာဏာသိမ်းယူခြင်းကို ကန့်ကွက်ကြောင်း၊ ပြည်သူနှင့်အတူ ရပ်တည်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် သဘောထားထုတ်ပြန်ခဲ့ပါသည်။ ဆက်လက်၍ ချင်းအမျိုးသားတပ်ဦးအနေဖြင့် မင်းတပ်မြို့နယ်ရှိ ချင်းပြည်သူများနှင့်အတူ ရပ်တည်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

Chin National Front – General Headquarters, Chinland